သတင်းထုတ်ပြန်ချက်။

၂၀၁၉ ခုနှစ်၊ ဧပြီလ (၁၈)ရက်။

မန်းရေနံမြေ၏ ရေနံအထွက်တိုးရေးလုပ်ငန်းစီမံချက်အတွက်
ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာလိုက်နာဆောင်ရွက်မှုသက်သေခံလက်မှတ် (**ECC**)
လက်ခံရရှိကြောင်း ဝမ်းမြောက်စွာကြေညာခြင်း၊၊

ရန်ကုန်မြို့

မြန်မာနိုင်ငံ၏ ကုန်းတွင်းလုပ်ကွက်နှင့် ကမ်းလွန်လုပ်ကွက်များတွင် ရေနံနှင့်သဘာဝဓာတ်ငွေ့ရှာဖွေ၊ တူးဖော်၊ ထုတ်လုပ်ရေးလုပ်ငန်းများကို လုပ်ကိုင်လျက်ရှိပြီး မြန်မာအမျိုးသားများဦးဆောင်သော စွမ်းအင်ကုမ္ပဏီတစ်ခု ဖြစ်သည့် MPRL E&P Pte Ltd. သည် မန်းရေနံမြေတွင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ရေနံအထွက်တိုးရေးလုပ်ငန်းစီမံချက်အတွက် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက ထုတ်ပေးသည့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာလိုက်နာဆောင်ရွက်မှုသက်သေခံလက်မှတ် (ECC) ကို ၂၀၁၉ ခုနှစ်၊ ဧပြီလ (၅) ရက်နေ့တွင် လက်ခံရရှိကြောင်း ဝမ်းမြောက်ဂုဏ်ယူစွာ ကြေညာအပ်ပါသည်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာလိုက်နာဆောင်ရွက်မှုသက်သေခံလက်မှတ် (ECC) သည် သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာသက်ရောက်မှုများဆန်းစစ်သော လွတ်လပ်သည့်တတိယအဖွဲ့အစည်း၏ ဆန်းစစ်လေ့လာချက်များအပေါ် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနက ပြန်လည်သုံးသပ်လေ့လာပြီးမှသာ ရရှိသည့် သက်သေခံလက်မှတ်လည်းဖြစ်ပါသည်။ ယင်းသို့ ပြီးပြည့်စုံသည့် သုံးသပ်လေ့လာမှုများပြုလုပ်ရာတွင် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးဌာန၏ ဦးဆောင်မှုဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် အစိုးရအဖွဲ့ အစည်းအသီးသီးရှိ သက်ဆိုင်ရာကဏ္ဍ အလိုက် ပတ်သက်ဆက်နွယ်သူများက ပါဝင်ဆောင်ရွက်ခြင်းဖြစ်ပါသည်။ အဆိုပါလုပ်ငန်းစဉ်ကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ၊ စည်းမျဉ်းစည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများပါ ပြဋ္ဌာန်းချက်များ၊ မူဘောင်သတ်မှတ်ချက်များနှင့် အညီ လုပ်ကိုင်ဆောင်ရွက်ခြင်းဖြစ်ပါသည်။

Vantage Tower, 623 Pyay Road, Kamayut Township 11041, Yangon, Myanmar
Tel : +95 1 230 7733 ~ 35 Fax : +95 1 230 7744 email : mprlstaff@mprlexp.com
www.mprlexp.com

မြန်မာနိုင်ငံ၏ စွမ်းအင်ကဏ္ဍတွင် ရေနံနှင့် သဘာဝဓာတ်ငွေ့ ရှာဖွေ၊ တူးဖော်ထုတ်လုပ်လျက်ရှိသည့် စီမံကိန်းများအနက် မန်းရေနံမြေသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံ လက်မှတ် (ECC) ကို ပထမဆုံးရရှိသည့် စီမံကိန်းဖြစ်ပြီး မြန်မာ့ရေနံနှင့် သဘာဝ ဓာတ်ငွေ့ လုပ်ငန်း၊ MPRL E&P နှင့် သက်ဆိုင်သူများအားလုံး ၏ ပူးပေါင်း ပါဝင်မှုဖြင့် အဆိုပါ အောင်မြင်မှုကို ရရှိအောင်စွမ်းဆောင်နိုင်ခြင်းလည်း ဖြစ်ပါသည်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် (ECC) ရရှိခြင်းနှင့် စပ်လျဉ်း၍ MPRL E&P ၏ အမှုဆောင်အရာရှိချုပ် ဦးမိုးမြင့်က "မန်းရေနံမြေစီမံကိန်းအနေနဲ့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှုသက်သေခံလက်မှတ် (ECC) ရရှိခြင်းဟာ မန်းရေနံမြေကိုရေရှည်ထိန်းသိမ်းဆောင်ရွက်ပြီး၊ တာဝန်ယူမှုရှိတဲ့ ရင်းနှီးမြှုပ်နှံသူတစ်ဦးအဖြစ်ဆောင်ရွက် သွားမယ်ဆိုတဲ့ ကျွန်တော်တို့ရဲ့ ကတိကဝတ်တွေကို လိုက်နာထိန်းသိမ်းဆောင်ရွက်ကြောင်းပြသနိုင်တဲ့ အောင်မြင်မှုမှတ်တိုင်တစ်ခုလည်းဖြစ်ပါတယ်။ အခုလိုဆောင်ရွက်မှု နည်းလမ်းများနဲ့ အောင်မြင်မှုများ ဟာရေနံနဲ့သဘာဝဓာတ်ငွေ့တူးဖော်ထုတ်လုပ်လျက်ရှိတဲ့ အခြားစီမံကိန်းများမှာပါ သဘာဝပတ်ဝန်းကျင် နဲ့လူမှုရေးဆိုင်ရာ သက်ရောက်မှုများကို သက်ဆိုင်ရာ စည်းမျဉ်းစည်းကမ်းများနဲ့အညီ ကြီးကြပ်အုပ်ချုပ် လိုက်နာဆောင်ရွက်သွားနိုင်အောင် လမ်းညွှန်ပေးနိုင်မှာ ဖြစ်ပါတယ်။" ဟု ပြောကြားခဲ့ပါသည်။

MPRL E&P သည် မန်းရေနံမြေ၏ လုပ်ငန်းဦးဆောင်၊ ဆောင်ရွက်သူ (Operator) မဟုတ်သော်လည်း Operator ဖြစ်သည့် မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းကိုယ်စား ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဆိုင်ရာလိုက်နာ ဆောင်ရွက်မှု သက်သေခံလက်မှတ် (ECC) ရရှိနိုင်ရေးအတွက် ၂၀၁၃ ခုနှစ် (PCC) စာချုပ် သက်တမ်းထပ်မံတိုးပြီးချိန်တွင် ဦးစီးဆောင်ရွက်ခဲ့ပါသည်။ နိုင်ငံတကာတွင် အကြံပေးနှင့် ရေရှည်တည်တံ့ရေးလုပ်ငန်းစဉ်များ ဆောင်ရွက်လုပ်ကိုင်လျက်ရှိသည့် Environmental Resources Management (ERM) က လွတ်လပ်သည့် တတိယအဖွဲ့အစည်းအဖြစ် သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာသက်ရောက်မှုများကို ဆန်းစစ်လေ့လာခဲ့ခြင်းဖြစ်ပါသည်။

မီဒီယာများသိရှိမေးမြန်းလိုပါက–

ဦးတင့်ဆွေ
အမှုဆောင်ဒါရိုက်တာ
အစိုးရဌာနများနှင့်ပြည်သူ့ဆက်ဆံရေး
MPRL E&P ကုမ္ပဏီများအုပ်စု
ဝက်ဘ်ဆိုဒ် : www.mprlexp.com
အီးမေးလ် : tint.swe@mprlexp.com
ဖုန်း : + ၉၅ ၁ ၂၃၀ ၇၇၃၃

************************